ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃) ၂၀၂၃ ခုနှစ်၊ ဒွန်လ ၂ ရက်

မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော ဥပဒေအာသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | ကိုဗစ် - ၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍ နည်းပညာမူပိုင်ခွင့်အတွက် တရားစွဲဆိုခြင်း။ | ၄-၅ |
| ၃။ | တရားမျှတမှုရရှိရေးသေချာစေရန်အလို့ငှာရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေး စနစ်၏ လုပ်ဆောင်ချက်ကို မြှင့်တင်ဆောင်ရွက်ပုံ နှင့် လုံခြုံစိတ်ချရသော လူ့အဖွဲ့အစည်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပုံတို့ကို ဆန်းစစ်လေ့လာသော မှုခင်းကော်မရှင်၏ ၃၂ ကြိမ်မြောက်အစည်းအဝေး ကျင်းပ။ | ၆-၇ |
| ၄။ | (၇၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကျင်းပ။ | ၈-၉ |
| ၅။ | စားနပ်ရိက္ခာမလုံလောက်ခြင်းအတွက် အထူးစိုးရိမ်ရသည့် နိုင်ငံများအနက် ၁၈ နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုအန္တရာယ် ပိုမို မြင့်တက်လာနိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီများက သတိပေး။ | ၁၀-၁၁ |
| ၆။ | Singapore Legal Aid Bureau ၏ဥပဒေအထောက်အကူပြုရေးဆိုင်ရာ ဝန်ဆောင်မှုများ။ | ၁၂-၁၄ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်အသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (အမိန့်ကြော်ငြာစာ) တစ်ခုနှင့် သက်တမ်းတိုးကာလကျော်လွန်ပြီးမှ လာရောက်ဆောင်ရွက်သော အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှုဆောင်ရွက်သူများ အပေါ် ဒဏ်ကြေးသတ်မှတ်ခြင်း ဆိုင်ရာအမိန့်တစ်ခုတို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

အဆိုပါ လုပ်ထုံးလုပ်နည်းများတွင် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များသည် အကောက်ခွန်ကြေညာလွှာ တင်သွင်းခြင်းနှင့်ပတ်သက်သော အချက်အလက်များနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများဆောင်ရွက်ရန် လမ်းညွှန်မှုများကို အကောက်ခွန်ဦးစီးဌာနသို့ တောင်းခံခွင့်ရှိခြင်း၊ အကောက်ခွန်ဦးစီးဌာန၏ မြန်မာ့ကုန်ပစ္စည်း အလိုအလျောက်ရှင်းလင်းရေးစနစ် (MACCS) ကိုအသုံးပြု၍ အကောက်ခွန်ကြေညာလွှာများ တင်သွင်းခွင့်ရရှိသူ (Declarant) အဖြစ်ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်ပြုလုပ်ခွင့်ရှိခြင်း၊ မရှင်းလင်းသည့်ကိစ္စရပ်များရှိပါက သက်ဆိုင်ရာအကောက်ခွန်အရာရှိအဆင့်ဆင့်တို့ထံ တွေ့ဆုံဆွေးနွေးတင်ပြနိုင်ခြင်း၊ အကောက်ခွန်တန်ဖိုးကြိုတင်သတ်မှတ်မှုနှင့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း ကြိုတင်သတ်မှတ်မှုတို့အား အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပေးရန်တောင်းဆိုနိုင်ခြင်း၊ အကောက်ခွန်လုပ်ငန်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့်ဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပေးရန် တောင်းဆိုပိုင်ခွင့်ရှိခြင်း၊ကုန်ပစ္စည်းများထုတ်ယူခြင်းမပြုမီ အကောက်ခွန်ဦးစီးဌာန၏ဆုံးဖြတ်ချက်ကို တင်သွင်းကြေညာသူများမှ သဘောမတူလျှင် ထပ်မံစစ်ဆေးပေးရန် တောင်းဆိုနိုင်ခြင်း၊ အကောက်ခွန်အရာရှိများနှင့်ဝန်ထမ်းများ၏ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက ညွှန်ကြားရေးမှူးချုပ်

ထံတင်ပြနိုင်ခြင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အကောက်ခွန်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိခြင်းစသည့် အခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း ပါရှိပါသည်။

ထို့ပြင်အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်ရသူများအားလုံးအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် ကိုယ်စားလှယ်ကတ်ပြားရရှိထားရမည်ဖြစ်ပြီး အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် ကိုယ်စားလှယ်ကတ်ပြားရရှိသူ (အဝါရောင်ကတ်၊ အဖြူရောင်ကတ်) သာလျှင် သက်ဆိုင်ရာ စာရွက်စာတမ်းများတွင် လက်မှတ်ရေးထိုးခွင့်နှင့် အကောက်ခွန်ကြေညာလွှာများကို တာဝန်ခံတင်သွင်းခွင့်ရမည်ဖြစ်ပါသည်။

ထို့ပြင် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်သက်တမ်းသည် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ်ကတ်ပါ ခွင့်ပြုသည့်ရက်မှ နှစ်နှစ်ထိဖြစ်ပြီး သက်တမ်းတိုးမြှင့်ခြင်းကို သက်တမ်း မကုန်ဆုံးမီ သုံးလကြိုတင်၍ဆောင်ရွက်နိုင်ပြီး သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးပြီး ဖြစ်ရမည် ဖြစ်ပါသည်။ သက်တမ်းကျော်လွန်ပြီး တစ်နှစ်အတွင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့် တင်ပြလာမှု အပေါ် ညွှန်ကြားရေးမှူးချုပ်ကသက်တမ်းတိုးရန် ခွင့်ပြုသောကိစ္စရပ်များ၌ သက်တမ်းကျော်လွန်မှု ကာလအလိုက် အကောက်ခွန်ဦးစီးဌာနမှ အခါအားလျော်စွာသတ်မှတ်ပေးသော ဒဏ်ကြေးအား ပေးသွင်းရမည်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

အကောက်ခွန်ဦးစီးဌာန၊ အမိန့်အမှတ် (၁/၂၀၂၃) ဖြင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း (မှတ်ပုံတင်) သက်တမ်းကာလကျော်လွန်မှုအပေါ် လအလိုက် သတ်မှတ်ဒဏ်ကြေးများကိုလည်းကောင်း၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားခဲ့ပြီးမှ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် ပြန်လည်လျှောက်ထားလာသည့်ကိစ္စရပ်များကို အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခွင့် စိစစ်ရေးကတ် သက်တမ်းကျော်လွန်မှု နှစ်ကာလအလိုက် သတ်မှတ်ဒဏ်ကြေးများကို သတ်မှတ်ထားပါသည်။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခွင့်ရရှိသူတို့ မသိမဖြစ်သည့်လိုက်နာရမည့် အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်

## ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်၍ နည်းပညာမူပိုင်ခွင့်အတွက် တရားစွဲဆိုခြင်း

ဇီဝနည်းပညာကုမ္ပဏီ Alnylam Pharmaceuticals Inc (ALNY.O) သည် Pfizer Inc (PFE.N) ကုမ္ပဏီနှင့် Moderna Inc (MRNA.O) ကုမ္ပဏီ တို့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ၎င်းတို့ကုမ္ပဏီ ၏နည်းပညာမူပိုင်ခွင့်ကို ချိုးဖောက်သည်ဟုဆိုကာ ၂၆.၅.၂၀၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ ဒယ်လာဝဲလ် ဖက်ဒရယ်တရားရုံး (Delaware Federal Court)တွင် တရားစွဲဆိုခဲ့သည်။

အဆိုပါတရားစွဲဆိုမှုသည် ကိုဗစ်-၁၉ကာကွယ်ဆေးများတွင်ပါဝင်သည့် လူ့ခန္ဓာကိုယ်ထဲသို့ မျိုးဗီဇပစ္စည်းများပေးပို့ရန် အသုံးပြုသည့် lipid nanoparticle (LNP) နည်းပညာတွင် Pfizer နှင့် Moderna တို့က Alnylam ၏ နည်းပညာမူပိုင်ခွင့်အခွင့်အရေးကို ချိုးဖေါက်သည်ဟု စွပ်စွဲပြီး တတိယအကြိမ်အဖြစ် ဒယ်လာဝဲလ်တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

Alnylam သည် Pfizer နှင့် Moderna ကုမ္ပဏီများ၏ ကာကွယ်ဆေးရောင်းချမှုမှ အမြတ်အစွန်းဝေစုအချို့ကို ရရှိလိုနေခြင်းဖြစ်သည်။ ယမန်နှစ်က Pfizer သည် ၎င်း၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ရောင်းချမှုမှ ဒေါ်လာ ၃၇.၈ ဘီလီယံ ရရှိခဲ့ပြီး Moderna သည် ၎င်း၏ ကိုဗစ်-၁၉ ကာကွယ်ဆေးမှ ဒေါ်လာ ၁၈.၄ ဘီလီယံ ရရှိခဲ့သည်။

Alnylam, Moderna နှင့် Pfizer ကုမ္ပဏီများ၏ ကိုယ်စားလှယ်များက တရားစွဲမှုအသစ်အတွက် မှတ်ချက်ပေးရန် တောင်းဆိုမှုများကို ချက်ချင်းတုံ့ပြန်ခြင်းမရှိသေးပါ။ Moderna နှင့် Pfizer တို့သည် အစောပိုင်းကိစ္စများတွင် စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး Alnylam ၏ မူပိုင်ခွင့်များသည် တရားမဝင်ကြောင်း ပြောဆိုခဲ့ကြသည်။

မက်ဆာချူးဆက်ပြည်နယ်၊ ကိန်းဘရစ်ချ်အခြေစိုက် Alnylam သည် Moderna နှင့် Pfizer ကို ပြီးခဲ့သည့် မတ်လက ပထမဆုံး တရားစွဲဆိုခဲ့သည်။ ထို့နောက် လွန်ခဲ့သည့်လ ကလည်း ၎င်း၏အစောပိုင်းတရားစွဲဆိုမှုများနှင့် ပေါင်းစပ်ထားသည့် LNP မူပိုင်ခွင့်တစ်ခုအတွက် နောက်ထပ်တိုင်ကြားချက်တစ်စုံကို တင်သွင်းခဲ့သေးသည်။ ယခု ဒယ်လာဝဲလ်တွင် ထပ်မံစွဲဆိုသော အမှုတွင် Pfizer ၏ ချိုးဖောက်မှု လေးခုနှင့် Moderna ၏ချိုးဖောက်မှု ၃ ခု အား ထည့်သွင်းစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်

Alnylam ကုမ္ပဏီသည် လွန်ခဲ့သောဆယ်စုနှစ်တစ်ခုကျော်က mRNA အခြေပြုကာကွယ်ဆေးများအတွက် မရှိမဖြစ်လိုအပ်သည့် LNP နည်းပညာကို စွန့်ဦးတီထွင်ခဲ့ကြောင်း ဒယ်လာဝဲလ်တရားရုံးတွင် ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း Alnylam ကုမ္ပဏီက Moderna ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးမှုများအတွင်း အထက်ပါ LNP နည်းပညာနှင့်ပတ်သက်သည့် လျှို့ဝှက်အချက်အလက်များကို Moderna သို့ ပေးခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။

အထက်ပါ တရားစွဲဆိုမှုမှာ ဆေးဘက်ဆိုင်ရာနည်းပညာမူပိုင်ခွင့်နယ်ပယ်အတွက် အရေးပါသည့် တရားစွဲဆိုမှု ဖြစ်သဖြင့် ထွက်ပေါ်လာမည့် တရားရုံး၏အပြီးသတ်ဆုံးဖြတ်ချက်သည် စံနမူနာပြစီရင်ထုံးတစ်ခု ဖြစ်လာမည် ဖြစ်ပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- REUTERS သတင်းစာမျက်နှာ https://www.reuters.com/legal/pfizer-moderna-hit-with-new-alnylam-patent-lawsuits-over-covid-19-vaccines-2023-05-26/

**တရားမျှတမှုရရှိရေးသေချာစေရန်အလို့ငှာ ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ လုပ်ဆောင်ချက်ကို မြှင့်တင်ဆောင်ရွက်ပုံ နှင့် လုံခြုံစိတ်ချရသော လူ့အဖွဲ့အစည်းတစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပုံတို့ကို ဆန်းစစ်လေ့လာသော မူခင်းကော်မရှင်၏ ၃၂ ကြိမ်မြောက် အစည်းအဝေးကျင်းပ**

ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားမျှတရေးကော်မရှင် (The Commission on Crime Prevention and Criminal Justice -CCPCJ)ကို ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကောင်စီ (The Economic and Social Council -ECOSOC)၏ လုပ်ငန်းဆိုင်ရာကော်မရှင်တစ်ခုအနေဖြင့် တည်ထောင်ခဲ့ပါသည်။ ကော်မရှင်သည် ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားမျှတရေး (Crime Prevention and Criminal Justice) အခန်းကဏ္ဍတွင် ကုလသမဂ္ဂ၏ အဓိက မူဝါဒချမှတ်ရေးအဖွဲ့အနေဖြင့် ဆောင်ရွက်ပါသည်။ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားမျှတရေးကော်မရှင် (CCPCJ) သည် နှစ်စဉ်ပုံမှန်အစည်း အဝေးများကို ကျင်းပလျက်ရှိပါသည်။

ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားမျှတမှုနယ်ပယ်တွင်ကုလသမဂ္ဂ၏ အဓိကမူဝါဒချမှတ်ရေးအဖွဲ့ဖြစ်သော မူခင်းကြိုတင်ကာကွယ်ရေးနှင့် ရာဇဝတ်မှုဆိုင်ရာတရားမျှတမှုကော်မရှင် (CCPCJ) ၏ ၃၂ကြိမ်မြောက် အစည်းအဝေးကို သြစတြီးယား နိုင်ငံ၊ ဗီယင်နာ မြို့တွင် ၂၂-၅-၂၀၂၃ မှ ၂၆-၅-၂၀၂၃ ရက်နေ့အထိ ၅ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ကြောင်း နှင့်စပ်လျဉ်း၍ United Nations Office on Drugs and Crime ၏ သတင်းစာမျက်နှာတွင် ရေးသား ဖော်ပြထားပါသည်။

ယင်းအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃၆ နိုင်ငံများမှ တက်ရောက်သူ ၁၈၀၀ ကျော်၊ အစိုးရအဖွဲ့အစည်း ၁၈ ခု၊ အစိုးရမဟုတ်သောအဖွဲ့အစည်း ၆၉ ခု နှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့သည် လူကိုယ်တိုင်လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း၊ အစည်းအဝေးတွင် ၂၀၃၀ Agenda နှင့်စပ်လျဉ်း၍ CCPCJ ၏ ပံ့ပိုးမှုများ၊ တန်ပြန်အကြမ်းဖက်မှုအားလုံးအတွက်တရားမျှတမှုရရှိရေး၊ ပြစ်မှုကျူးလွန်ပြီးသူများ ထပ်မံပြစ်မှုကျူးလွန်ခြင်းကို လျှော့ချရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ငါးရပ်ကို ချမှတ်ခဲ့ကြောင်း၊ ထို့အပြင် (၁၄)

ကြိမ်မြောက်ရာဇဝတ်မှုကွန်ဂရက်နှင့်(၁၅)ကြိမ်မြောက်ရာဇဝတ်မှုကွန်ဂရက်အတွက်ကြိုတင်ပြင်ဆင်မှုများကိုအဖွဲ့ဝင်နိုင်ငံများကဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့ကြောင်း၊အဆိုပါဆုံးဖြတ်ချက်တွင်၂၀၂၆ ခုနှစ်တွင် ကျင်းပမည့်(၁၅)ကြိမ်မြောက် ကွန်ဂရက်အတွက် ဆွေးနွေးပွဲအစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲပါအကြောင်းအရာများကဲ့သို့သော လုပ်ထုံးလုပ်နည်းအစီအမံများ၊ သတင်းအချက်အလက်များပါဝင်ကြောင်း၊ ဆွေးနွေးမှုတွင် ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ခိုင်မာမှုနှင့် ထိရောက်မှုတို့ကို မြှင့်တင်ပေးသည့်အပြင် ၎င်း၏ကြိုတင်ကာကွယ်မှုအခန်းကဏ္ဍနှင့် ပါဝင်နိုင်မှုကဲ့သို့သော ပြဿနာများစွာအတွက် စိန်ခေါ်မှုများ နှင့် အလားအလာရှိသောအလေ့အကျင့်များကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ ပါဝင်သူများကလည်း ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေးစနစ်သည် နစ်နာသူကိုဗဟိုပြုရန်လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့ကြောင်း၊ UN Crime Prevention and Criminal Justice Program Network (PNI) ၏ Institutes မှ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် တူညီသောခေါင်းစဉ်များအပေါ် အကြောင်းအရာအလိုက်ဆွေးနွေးခဲ့ပြီး ကမ္ဘာတဝှမ်းရှိ ရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုကျင့်သုံးသူများနှင့်မူဝါဒချမှတ်သူများကပါဝင်သူများအားလေ့လာတွေ့ရှိသောသင်ခန်းစာများကိုအသိပေးအကြောင်းကြားခြင်းဖြင့် ဖြည့်စွက်ခဲ့ကြောင်း၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး(UNODC)၏ အမှုဆောင်ဒါရိုက်တာ Ghada WALY မှတရားမျှတမှုနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)တွင် ကျွန်ုပ်တို့၏ယုံကြည်ချက်အား တုန်လှုပ်စေမည့် ခက်ခဲသောအချိန်များကို ခွင့်မပြုသင့်ကြောင်း မှတ်ချက်ပြုခဲ့ပြီး အတားအဆီးများသည် ထိတ်လန့်ဖွယ် ကောင်းပုံရပြီး ဆုတ်ယုတ်မှုများမှာ ဆိုးရွားနိုင်သော်လည်း၊ ဤကော်မရှင်နှင့် အခြားသော ဘက်စုံအဖွဲ့ အစည်းများတွင် စာနာမှု၊ ဆန်းသစ်တီထွင်မှုနှင့် ကြီးမားသောအကျိုးသက်ရောက်မှုကို ပေါင်းထည့်နိုင်သည့်သေးငယ်သော အောင်ပွဲများကိုကျွန်ုပ်တို့မြင်တွေ့နေရဆဲဖြစ်သည်ဟုအစည်းအဝေး၏အပိတ်မိန့်ခွန်းတွင်မှတ်ချက်ပြုခဲ့ပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- United Nations Office on Drugs and Crime သတင်းစာမျက်နှာ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်

## (၇၆) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကျင်းပ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)သည် ကမ္ဘာ့ကုလသမဂ္ဂ၏အေဂျင်စီတစ်ခုအဖြစ် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးပြဿနာများအား ဖြေရှင်းနိုင်ရန် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်းဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးညီလာခံသည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ ချမှတ်သည့် ညီလာခံဖြစ်ပါသည်။ အဆိုပါ ကမ္ဘာ့ကျန်းမာရေးညီလာခံကို နှစ်စဉ် ဆွတ်ဇာလန်နိုင်ငံဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိပါသည်။ (၇၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို ၂၀၂၃ခုနှစ် မေလ ၂၁ ရက်နေ့မှ ၃၀ ရက်နေ့ အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း Word Health Organaization (WHO)၏ သတင်းစာမျက်နှာတွင် ဖော်ပြထားပါသည်။

WHO ၏ (၇၆) ကြိမ်မြောက် နှစ်စဉ်ကျန်းမာရေးညီလာခံအစည်းအဝေးကို ရန်ပုံငွေဆိုင်ရာသဘောတူညီချက်နှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် လူမှု့သိပ္ပံပညာရပ်များအပါအဝင် မကူးစက်နိုင်သောရောဂါများ ရောဂါရှာဖွေရေး၊ မသန်စွမ်းမှု၊ ရေနစ်သေဆုံးခြင်းမှ ကာကွယ်ရေး၊ အရေးပေါ် ခွဲစိတ်ကုသမှု၊ အထွေထွေကျန်းမာရေးစောင့်ရှောက်မှု၊ လိုအပ်သောအာဟာရများ၊ ဒေသန္တရကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ မိခင်နှင့်ကလေးကျန်းမာရေး၊ဆေးဘက်ဆိုင်ရာအောက်ဆီဂျင်၊အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ ဒုက္ခသည်နှင့် ရွှေ့ပြောင်းလုပ်သားများ၏ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ တိုင်းရင်းဆေးပညာနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ဆေးပညာဆိုင်ရာ ပြဿနာများကိုဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် WHO သည် ၎င်း၏အဖွဲ့ဝင်နိုင်ငံများနှင့် အတူ အရေးပေါ်အခြေအနေများကို တုံ့ပြန်ရာတွင် မြောက်မြားစွာသော ပြဿနာရပ်များကို လက်တွဲ ဖြေရှင်းဆောင်ရွက်နေကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဘတ်ဂျက်ခွင့်ပြုချက်နှင့် သတ်မှတ်ထား သောထောက်ပံ့ကြေးငွေ ၂၀% တိုးပွားလာကြောင်း၊ WHO ၏ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ Tedros Adhanom Ghebreyesus ၏ နိဂုံးချုပ်အမှာစကားတွင်

ထောက်ပံ့ငွေများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာမှုသည် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားရင်း(၇၆)ကြိမ်မြောက်ကမ္ဘာ့ကျန်းမာရေး ညီလာခံကို အဆုံးသတ်ခဲ့ပါသည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်- World Health Organization သတင်းစာမျက်နှာ

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂ ရက်

## စားနပ်ရိက္ခာမလုံလောက်ခြင်းအတွက် အထူးစိုးရိမ်ရသည့် နိုင်ငံများအနက် ၁၈ နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုအန္တရာယ် ပိုမိုမြင့်တက်လာနိုင်ကြောင်း ကုလသမဂ္ဂအေဂျင်စီများက သတိပေး

ဆူဒန်အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံ ၁၈ ခုတွင် တိုက်ပွဲများကြောင့် ငတ်မွတ်ခေါင်းပါးမှု ပိုမိုဆိုးရွားလာနေကြောင်း စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့၏ ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ပစိဖိတ်အလယ်ပိုင်းနှင့် အရှေ့ပစိဖိတ်အလယ်ပိုင်းရှိ သမုဒ္ဒရာမျက်နှာပြင်အပူချိန် ပူနွေးလာမှုကြောင့် ဖြစ်ပေါ်နေသည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်သည် အားနည်းသောနိုင်ငံများ တွင် ရာသီဥတုလွန်ကဲလာမည်ကို ပိုမိုစိုးရိမ်ဖွယ်ရှိကြောင်း၊ စားနပ်ရိက္ခာလုံလောက်မှု မရှိသည့် နိုင်ငံပေါင်း ၂၂ နိုင်ငံအနက် ၁၈ နိုင်ငံမှာ ငတ်မွတ်ခေါင်းပါးမှု ပိုမိုဆိုးရွားလာနိုင်သည်ဟု အစီရင်ခံစာတွင်ဖော်ပြထားကြောင်း၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ဆိုမာလီယာ၊ တောင်ဆူဒန်နှင့် ယီမင်နိုင်ငံတို့သည် ဆိုးရွားသောငတ်မွတ်ခေါင်းပါးမှု သတိပေးချက်အမြင့်ဆုံး အဆင့်တွင် ရှိနေကြောင်း၊ ဆူဒန်၊ ဟေတီ၊ ဘာကီနာဖာဆိုနှင့် မာလီနိုင်ငံတို့သည်လည်း လူနှင့်ကုန်ပစ္စည်းများကို ထိခိုက်စေသည့်တားမြစ်ချက်များကြောင့် ငတ်မွတ်ခေါင်းပါးမှုအဆင့်သို့ မြင့်တက်လာရ ခြင်းဖြစ်ကြောင်း၊ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အီသီယိုးပီးယား၊ ကင်ညာ၊ ပါကစ္စတန်နှင့် ဆီးရီးယားတို့သည် မြန်မာနိုင်ငံနှင့်အတူ အလွန်စိုးရိမ်ပူပန်မှုမြင့်မားသောနိုင်ငံများအဖြစ် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း၊ အခြားနေရာများမှာ လက်ဘနွန်၊ မာလာဝီ၊ အယ်လ်ဆာဗေးဒေါ၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်နှင့် နီကာရာဂွာတို့ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် COVID-19 ကပ်ရောဂါနှင့် ယူကရိန်းစစ်ပွဲကြောင့် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ စီးပွားရေးဆိုင်ရာ တုန်လှုပ်ချောက်ချားမှုများနှင့် ဖိစီးမှုများကို စားနပ်ရိက္ခာ လုံလောက်မှု မရှိသည့် နိုင်ငံများအားလုံးနီးပါး ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် ဆိုးရွားသောငတ်မွတ် ခေါင်းပါးမှုကို ဆက်လက်ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများအားလုံးတွင် အထူးစိုးရိမ်ဖွယ်ကောင်းသော အစာရေစာမလုံလောက်ခြင်းအကြပ်အတည်းများနှင့် လူပေါင်းများစွာ ရင်ဆိုင် ကြုံတွေ့နေရကြောင်း၊ လာမည့်လများအတွင်း အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့်

အခြေအနေများလည်း ပိုမိုပြင်းထန်လာဖွယ်ရှိကြောင်း၊ လူ့အသက်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကယ်တင်ရန်နှင့် ငတ်မွတ်ခေါင်းပါးမှုနှင့် သေဆုံးမှုတို့ကိုတားဆီးရန် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအရေးယူဆောင်ရွက်မှုများအရေးတကြီးလုပ်ဆောင်ရန် အစီရင်ခံစာတွင် တောင်းဆိုထားကြောင်း၊ လူများကိုငတ်မွတ်ခေါင်းပါးမှုကပ်ဘေးမှ လွတ်မြောက်စေရန် စိုက်ပျိုးရေးကဏ္ဍတွင် ချက်ချင်းဝင်ရောက်ဆောင်ရွက်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့သည်။

နိုင်ငံတကာရာဇဝတ်မှုခင်းများဆိုင်ရာဥပဒေဌာနစိတ်
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်-United Nations သတင်းစာမျက်နှာ

## Singapore Legal Aid Bureau ၏ ဥပဒေအထောက်အကူပြုရေးဆိုင်ရာ ဝန်ဆောင်မှုများ

Singapore Legal Aid Bureau (LAB) သည် စင်္ကာပူနိုင်ငံ၏ ဥပဒေ အထောက်အကူ ပြုရေးနှင့် အကြံပေးရေးအက်ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ LAB ကို ၁၉၅၈ ခုနှစ်တွင် အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုအနေဖြင့် စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် လူမှုရေးရာဝန်ကြီးဌာနအောက် သို့ ရောက်ရှိခဲ့ပြီး ၁၉၈၄ ခုနှစ်မှ ယနေ့အချိန်ထိ စင်္ကာပူနိုင်ငံ၊ ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခု အနေဖြင့် ဖွဲ့စည်းထားရှိပါသည်။

LAB သည် ပေါ်လစီ၊ ဥပဒေနှင့် ဝန်ဆောင်မှုတို့မှတစ်ဆင့် တရားမျှတမှု၊ တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းများကို အကျိုးပြုသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ LAB ၏ ဝန်ဆောင်မှုပေးခြင်းများတွင် ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေအကူအညီပေးခြင်းနှင့် ဥပဒေ အထောက်အကူပေးခြင်းတို့ပါဝင်ပါသည်။

**ဥပဒေအကြံဉာဏ်ပေးခြင်း**အနေဖြင့် LAB ၏ ရှေ့နေများက စင်္ကာပူဥပဒေနှင့် စပ်လျဉ်း၍ ပြဿနာများအပေါ် နှုတ်ဖြင့်အကြံဉာဏ်ပေးခြင်းနှင့် အမှုအပေါ် ဆွေးနွေးပေးခြင်းတို့ကို ဆောင်ရွက် ပေးကြောင်း တွေ့ရှိရပါသည်။ **ဥပဒေအကူအညီပေးခြင်း**အနေဖြင့် သေတမ်းစာနှင့် ကွာရှင်းခြင်း မပြုမီ လင်မယားများ သီးခြားခွဲနေသည့်စာချုပ်တို့အပေါ်ကူညီပေးခြင်းနှင့် **ဥပဒေအထောက်အကူပေးခြင်း** အနေဖြင့် ဥပဒေထောက်အကူပြုအဖွဲ့၏ ရှေ့နေမှဖြစ်စေ၊ ယင်းအဖွဲ့မှခန့်အပ်သည့် ရှေ့နေမှဖြစ်စေ ဥပဒေအထောက်အကူပြုခြင်းနှင့် အကြံဉာဏ်ပေးခြင်း အက်ဥပဒေအရ တရားမမှု များစွဲဆိုရာ၌ ကိုယ်စားပြု ဆောင်ရွက်ခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

LAB အနေဖြင့် ပြစ်မှုဆိုင်ရာတရားစွဲဆိုမှုများတွင် ဝန်ဆောင်မှုပေးခြင်းမရှိသော်လည်း ဥပဒေကိုယ်စားလှယ်အဖြစ် လျှောက်ထားရန် လိုအပ်လျှင် ပြည်သူ့ခုခံကာကွယ်ရေးရုံး (Public Defender’s Office)သို့ အကူအညီရရှိရေးအတွက် လျှောက်ထားနိုင်သည်။ ထို့ပြင် အသရေဖျက်မှုများ၊

အသေးစားတောင်းဆိုမှုခုံရုံးနှင့် မိဘအုပ်ထိန်းခွင့်ခုံရုံးများသို့ လျှောက်ထားသည့် အမှုများ၊ အလုပ်ခွင်နှင့် စပ်လျဉ်းသည့် တောင်းဆိုမှုခုံရုံးသို့ လျှောက်ထားသည့်အမှုများကဲ့သို့သော တရားမမှုများတွင်လည်း ဝန်ဆောင်မှုပေးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

LAB သည် နိုင်ငံခြားဥပဒေအရတရားစွဲဆိုခြင်း သို့မဟုတ် နိုင်ငံခြားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အမှုများတွင် စင်္ကာပူတရားရုံးရှေ့တွင် တရားမမှုစွဲဆိုခြင်းအတွက် အကူအညီပေးခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်းများတွင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိပါသည်။

စင်္ကာပူနိုင်ငံသားများနှင့် စင်္ကာပူနိုင်ငံတွင် အမြဲတမ်းအခြေချနေထိုင်သူများ ၊ အပြည်ပြည်ဆိုင်ရာကလေးသူငယ် ဖြားယောင်းမှုနှင့် စပ်လျဉ်း၍ Hague Convention အရ တရားမကြောင်းဖြင့် လျှောက်ထားမှုတွင်ပါဝင်သည့် စာချုပ်ဝင်နိုင်ငံများ၏ အခြေချနေထိုင်သူများသည် ဥပဒေအထောက်အကူပြုမှုကိုလျှောက်ထားရယူနိုင်မည်ဖြစ်ပါသည်။ ထိုသို့လျှောက်ထားရာတွင် အသက် ၂၁ နှစ်အောက်ဖြစ်လျှင်ဥပဒေအထောက်အကူပြုမှုကို မိဘ သို့မဟုတ် အုပ်ထိန်းသူမှလျှောက်ထားနိုင်ပြီး စိတ်ပေါ့သွပ်သူများဖြစ်လျှင် ဥပဒေအထောက်အကူပြုမှုကို စိတ်ကျန်းမာရေးအက်ဥပဒေအရ စိတ်ပေါ့သွပ်သူအတွက် လူမှုဘဝဖူလုံရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးရန် တရားရုံးက ခန့်အပ်ထားသူမှ လျှောက်ထားရယူနိုင်မည် ဖြစ်ပါသည်။

ဥပဒေအထောက်အကူပြုမှုရရှိရေးအတွက် လျှောက်ထားရာတွင် လျှောက်ထားသူများ သည် တရားစွဲဆိုရန် ငွေကြေးတတ်နိုင်သူများ နှင့် တရားစွဲဆိုခြင်းမှ အကျိုးအမြတ်ရယူသူများ ဖြစ်ပါက ဥပဒေအထောက်အကူပြု ညွှန်ကြားရေးမှူးက အဆိုပါ လျှောက်ထားမှုများကို သင့်လျော်မှုမရှိဟု ယူဆ၍ ငြင်းပယ်နိုင်ပါသည်။

စင်္ကာပူနိုင်ငံ၏ LAB သည် တရားမမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လျှောက်ထားမှုများတွင် ဥပဒေအကြံဉာဏ်ပေးခြင်း၊ ဥပဒေအကူအညီပေးခြင်းနှင့် ဥပဒေအထောက်အကူပေးခြင်း

တို့ကို ဝန်ဆောင်မှုပေးပြီး ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဝန်ဆောင်မှုပေးခြင်းမရှိဘဲ ပြည်သူ့ခုခံကာကွယ်ရေးရုံးသို့ လွှဲပြောင်းပေးခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန